# ကုမ္ပဏီအမည်များနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) သည် မြန်မာနိုင်ငံကုမ္ပဏီ များဥပဒေ (၂၀၁၇) ၏ ပုဒ်မ ၂၅ မှ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအမည်များကို စိစစ်ခွင့်ပြု ပေးလျက်ရှိပါသည်။ သို့သော် လက်တွေ့တွင် လုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီအမည် ရွေးချယ်ရာ၌ ဥပဒေနှင့် မညီညွတ်ခြင်း၊ သတ်မှတ်ချက်များနှင့် လွဲချော်နေခြင်းတို့ကြောင့် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် များတွင် မလိုလားအပ်ဘဲ ကြန့်ကြာမှုများ ကြုံတွေ့နေရပါသည်။ အချို့သော ကုမ္ပဏီအမည် များသည် ဥပဒေအရ တိုက်ရိုက်တားမြစ်ထားခြင်း မရှိသော်လည်း အခြေအနေအရ ကန့်သတ်ချက်ဖြင့် ခွင့်ပြု ရမည့်အမည်များ သို့မဟုတ် မူဝါဒအရ အသေးစိတ်စိစစ်ရန် လိုအပ်သည့် အမည်များ ဖြစ်နေပါသည်။ ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ကို ပိုမိုပွင့်လင်းမြင်သာစေရန် (Transparency) နှင့် လုပ်ငန်းရှင်များ ဘက်မှ အချိန်ကုန်မှုကို လျှော့ချ ပေးရန် (Efficiency) အတွက် ကုမ္ပဏီအမည်များကို စိစစ်ပေးမည့် **စိစစ်သူ (Registrars/ Officers)** များ ဘက်မှလည်း ကုမ္ပဏီအမည်များကို အောက်ပါအတိုင်း စနစ်တကျ စိစစ်ဆောင်ရွက်လျက်ပါသည်-

## ၁။ အမည်တူညီမှု သို့မဟုတ် ဆင်တူယိုးမှားဖြစ်မှု

အဓိကအချက်မှာ အများပြည်သူကို အထင်အမြင်မှားစေမည့် **တည်ရှိပြီးသားအမည်များ၏ ဆင်တူ ယိုးမှားအမည်ဖြင့် မှတ်ပုံတင်ရန် တင်ပြလာသည့် ကုမ္ပဏီအမည်များကို** အောက်ပါအတိုင်း ကန့်သတ်ထားရှိပါသည်-

(က) တည်ဆဲကုမ္ပဏီတစ်ခု၏ အမည်နှင့် လုံးဝတူညီနေခြင်း သို့မဟုတ် အလွန်အမင်း ဆင်တူနေခြင်း ကို ခွင့်မပြုပါ၊ (ဥပမာ- K.M.L Co., Ltd နှင့် KML Co., Ltd. နှင့် K-M-L Co., Ltd.၊ (သို့မဟုတ်) Global 1 Co., Ltd. နှင့် Global One Co., Ltd. (သို့မဟုတ်) Gl0bal Co., Ltd. နှင့် Global Co., Ltd. (သို့မဟုတ်) Gold Co., Ltd. နှင့် Shwe Co., Ltd. (သို့မဟုတ်) Su Latt Co., Ltd. နှင့် Hsu Lat Co., Ltd.)

(ခ) တည်ဆဲကုမ္ပဏီတစ်ခုအမည်ကို "Group", "Holding", "International" “Myanmar” “Family” စသည့် စကားလုံးများ နောက်မှကပ်၍ ထပ်မံအသုံးပြု လျှောက်ထားခြင်းကို ခွင့်မပြုပါ၊

(ဂ) တည်ဆဲကုမ္ပဏီများနှင့် မတူညီသော်လည်း အသံထွက်ဆင်တူခြင်း၊ စာလုံးပေါင်း အနည်း ငယ်သာကွဲခြင်းကို ခွင့်မပြုပါ၊ (ဥပမာ- Ayeyarwady Trading Co., Ltd နှင့် Irrawaddy Trading Co., Ltd.)

(ဃ) တည်ဆဲကုမ္ပဏီတစ်ခု၏ အမည်ကို ရှေ့နောက်လွှဲပြောင်း၍ လျှောက်ထားခြင်းကို ခွင့်မပြုပါ၊ (ဥပမာ- Mandalay City Trading Co., Ltd နှင့် City Mandalay Trading Co., Ltd)

(င) စာလုံးပေါင်း အနည်းငယ်ကွဲလွဲသော်လည်း ဆင်တူသကဲ့သို့ ထင်ရသည့် အမည်များကို ခွင့်မပြုပါ၊ (ဥပမာ - "Khaing" နှင့် "Khine")

(စ) အစိုးရချင်း ဆက်သွယ်မှုဟု ထင်ယောင်ထင်မှား ဖြစ်စေခြင်း (သို့) စီးပွားရေးအသင်း အဖွဲ့များနှင့် မှားယွင်းနိုင်မှု (သို့) နှစ်နိုင်ငံသဘောတူစာချုပ်များဖြင့် ထင်ယောင်ထင်မှား ဖြစ်စေနိုင်သော နှစ်နိုင်ငံ ယှဉ်တွဲသည့် အမည်များဖြင့် လျှောက်ထားခြင်းကို ခွင့်မပြုပါ၊ (Myanmar Thai (သို့) Myanmar China)

(ဆ) မူလအမည် (Brand Name) တူညီနေပြီး လုပ်ငန်းသဘောကွဲပြားသည့် အမည်ဖြစ်ပါက အများပြည်သူက ကုမ္ပဏီတစ်ခုတည်းမှ ခွဲထွက်လာသော လုပ်ငန်းခွဲများဟု ထင်မှတ်မှားနိုင်ခြင်း၊ (ဥပမာ - Ocean Construction Co., Ltd နှင့် Ocean Trading Co., Ltd)

(ဇ) မူလအမည် (Brand Name) အမည်နှင့် ၎င်း၏အတိုကောက်အမည်များကို ယှဉ်တွဲ အသုံးပြုခြင်း အပြင် Brand Name နှင့် လုပ်ငန်းအမျိုးအစားအတိုကောက်အမည်များကို ယှဉ်တွဲအသုံးပြုခြင်း၊ (ဥပမာ - Zay Ya Co., Ltd. နှင့် Zay Ya (ZY) Co, Ltd. (သို့) Zay Ya Technology Co., Ltd. နှင့် Zay Ya Tech Co., Ltd. (သို့) Zay Ya Travels & Tours Co., Ltd. နှင့် Zay Ya T & T Co., Ltd.)

## ၂။ တားမြစ်ထားသော သို့မဟုတ် ကန့်သတ်ထားသော စကားလုံးများ

### (က) အစိုးရနှင့် ဆက်နွယ်မှု

နိုင်ငံတော်အစိုးရ၊ "နိုင်ငံတော်၊ "ဗဟိုဘဏ်"၊ "ပြည်ထောင်စုအစိုးရ"၊ "သမ္မတ"၊ "ဝန်ကြီး ဌာန" သို့မဟုတ် "မြန်မာနိုင်ငံတော်အစိုးရ" သို့မဟုတ် "မြန်မာနိုင်ငံတော်၏ ဝန်ကြီး ဌာန၊" "ဦးစီးဌာန၊" "ရုံးဌာန" သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က အဆိုပြုသော သို့မဟုတ် ယင်းတို့က ထောက်ခံတင်ပြသော စကားရပ်တစ်ခုခု ပါဝင်သည့် အမည်များ သည် နိုင်ငံတော်နှင့် တိုက်ရိုက်ပတ်သက်နေသကဲ့သို့ ထင်ယောင်ထင်မှား ဖြစ်စေသော စကားလုံးများ ကို ခွင့်ပြုချက်မရှိဘဲ မသုံးစွဲရပါ၊

(ခ) ၎င်းတို့အပြင် ဥပဒေတွင် ဖော်ပြထားခြင်းမရှိသော်လည်း အချို့သောစကားလုံးများကို အောက်ပါအတိုင်း ကန့်သတ်ထားရှိမည်ဖြစ်ပါသည်-

#### (၁) နိုင်ငံတကာ အဖွဲ့အစည်းများ

UN, WHO, ASEAN စသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပတ်သက်နေသကဲ့ သို့ အမည်များ။

(၂) **ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ထိလွယ်ရှလွယ်မှု ရှိစေမည့် အမည်၊**

ရိုင်းစိုင်းသော စကားလုံးများ၊ မသင့်လျော်သော အသုံးအနှုန်းများ မပါဝင်စေရန်။

ဘာသာရေးအရ သို့မဟုတ် လူမျိုးရေးအရ ပဋိပက္ခ ဖြစ်စေနိုင်သော၊ အငြင်းပွားဖွယ် ဖြစ်သော အမည်များ။

(၃) **နိုင်ငံရေးနှင့်ဆိုင်သောအသုံးအနှုန်းများ၊**

(၄) **အခြေအနေနှင့် အချိန်အခါအလိုက် အသုံးပြုရန် မသင့်ဟု မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားမည့် အမည်များ။**

၃။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်အရာရှိ (Registrar) သည် တည်ဆဲကုမ္ပဏီတစ်ခု၏ အမည်နှင့် ပတ်သက်၍ ကုမ္ပဏီတစ်ခုအား မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်သော်လည်း အဆိုပါအမည်သည် ဥပဒေနှင့် မညီညွတ်ခြင်း သို့မဟုတ် မှတ်ပုံတင်ဆောင်ရွက်ရန် မသင့်လျော်သော အမည် ဖြစ်ကြောင်း မှတ်ပုံတင်အရာရှိက ယူဆပါက ပုဒ်မ ၂၆ နှင့်အညီ ယင်းအမည်ကို ပြောင်းလဲရန် ညွှန်ကြားသွားမည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန